မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၉)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်

(အချက်အလက်များသိရှိရန် မိန့်ခွန်းကောက်နုတ်ချက် မူကြမ်း)

နေပြည်တော်၊ မေလ (၈)ရက်၊ ၂၀၁၉ ခုနှစ်

- ယနေ့ (၂၉)ကြိမ်မြောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည်အခမ်းအနားကို ကြွရောက်လာကြသော ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၊ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ယခုအခမ်း

အနားသို့ တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်သ ပါကြောင်း၊

- ယနေ့ အခမ်းအနားသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မိခင်များနှင့် ကလေးများ ၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝ အဆင့်အတန်းမြင့်မားစေရေး အထောက်အကူ ပြုနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသည့် စေတနာဝန်ထမ်း အဖွဲ့အစည်းကြီးဖြစ်သည့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည် အစည်းအဝေးကြီးဖြစ်ပါကြောင်း၊
- နောက်ကျင်းပမည့် နှစ်ပတ်လည်အစည်းအဝေးများမှာလည်း ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့မှလည်း အမှာစကား ပြောကြား ပေးနိုင်ရန် စီစဉ်ဆောင်ရွက် ပေးစေလိုပါကြောင်း၊
- နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၁/ ၉၀ ဖြင့် ထုတ်ပြန်ကာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကို (၁၉၉၁) ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း၊
- အသင်းကြီး၏ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးနှင့် အသင်းကြီး၏ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် စေတနာ၊ မေတ္တာပြည့်ဝစွာဖြင့် လက်တွေ့မြေပြင်တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အသင်းဝင်များ၏ စေတနာ့ ဝန်ထမ်း၊ လူမှုဝန်ထမ်း စိတ်ဓာတ်များကို ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ် ပါကြောင်း၊
- ယခုကဲ့သို့သော အစည်းအဝေးတွင် အဆိုပါ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အသင်းဝင်များ၏ အကြံပြုဆွေးနွေး တင်ပြ ချက်များကို အလေးထားထည့်သွင်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊

- အသင်းကြီး၏ လုပ်ငန်းဆောင်တာများသည် များပြားပြီး ပါဝင်ဆောင်ရွက်နေသော အသင်းဝင်များလည်း များပြားသဖြင့် အသင်းကြီး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် အောင်မြင်မှုအခြေအနေများကို စစ်ဆေးရန် အချက်များ (checklist) ကို အသုံးပြု၍ စောင့်ကြည့် ဆန်းစစ်သည့် (monitoring) စနစ်ကိုလည်း ထားရှိဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊
- လုပ်ငန်းများကို (၃)လမှာ (၁) ကြိမ် ခန့် monitor လုပ်စေလိုပါကြောင်း၊
- ထိုသို့ စောင့်ကြည့်ဆန်းစစ်ရာမှ တွေ့ရှိချက်များအရ ပြုပြင်ပြောင်းလဲဆောင်ရွက်သင့်သည်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်း၊ လျှော့ချသင့်သည်များကို လျှော့ချဆောင်ရွက်ခြင်း၊ တိုးမြှင့်သင့်သည်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ လိုအပ်ချက်များ ဖြည့်စွက်ဆောင်ရွက်ခြင်း၊ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သင့်သည်များကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရပ်သင့်သည့်လုပ်ငန်းများကို ရပ်တန့်ခြင်း စသည်ဖြင့် ပြောင်းလဲလာသော အခြေအနေများနှင့်ကိုက်ညီစွာ မွမ်းမံပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် အသင်းကြီး၏ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မှာ ဖြစ်ပါကြောင်း၊
- သို့မှသာ အသင်းကြီးဟာ တက်ကြွလှုပ်ရှားစွာဖြင့် dynamic and active ဖြစ်နေမှာ ဖြစ်ပါကြောင်း၊
- ဆန်းစစ်မှုများ ပိုမိုထိရောက် ကောင်းမွန်စေရန်အတွက်လည်း လက်တွေ့ကျသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အဓိကအညွှန်းပြကိန်း(key performance indicator) များဖြစ်သည့် key process indicator ၊ key input indicator ၊ key output indicator စသည်တို့ကို ချမှတ်အသုံးပြုဆောင်ရွက် ကြရမှာဖြစ်ပါကြောင်း၊
- အသင်းကြီးအနေဖြင့် အသစ်ရေးဆွဲဆောင်ရွက်မည့် မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အပါအဝင် နှီးနွယ်ဝန်ကြီးဌာနများ၏ မူဝါဒ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်

ကိုက်ညီမှုရှိစေရေးအတွက် ပံ့မှန်မပြတ်လေ့လာသုံးသပ်ကာ ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊

- ဥပမာ – ဝန်ကြီးဌာနမှ အသစ်ရေးဆွဲမည့် Five year strategic plan for reproductive health (2014 – 2018 and over) , Costed implementation plan to meet family planning (2020), Strategy to end preventable maternal mortality (2017 – 2021), Five year strategic plan for young people's health, National strategic plan for newborn and child health development (2015 – 2018) စသည်တို့ကိုလည်း လေ့လာသုံးသပ် စေလိုပါကြောင်း၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များ အသစ်မွမ်းမံရေးဆွဲရာ၌လည်း အသင်း ကြီးမှ တာဝန်ရှိသူများ ဆက်လက်ပါဝင်ဆောင်ရွက်သွားစေရေး ဖိတ်ခေါ် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊
- သို့မှသာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု (mutual cohesiveness) ပိုမို အားကောင်းခိုင်မာကာ လုပ်ငန်းများ ပိုမိုအကျိုးရှိထိရောက် အောင်မြင်နိုင်မှာ ပဲဖြစ်ပါကြောင်း၊
- မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုနှုန်းနှင့် ကလေးသေဆုံးမှုနှုန်းများသည် တစ်ပြည် လုံးအတိုင်းအတာအနေဖြင့် decreasing trend ဖြင့် တစ်စထက်တစ်စ လျော့နည်းလာလျက်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင် ယခုထက်ပိုမို လျော့နည်းစေရေးအတွက် ယခုထက် ပိုမိုစနစ်ကျစွာဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊
- မိခင်သေဆုံးမှုနှင့် ကလေးသေဆုံးမှုများနေ သေးသည့် Pocket area အချို့ကို ဝိုင်းဝန်းရှာဖွေ ဖော်ထုတ်ကာ ကျဆင်းစေရေး ဆောင်ရွက်ကြရမှာဖြစ်ပါ ကြောင်း၊

- Maternal Mortality, Infant Mortality, Under five Mortality, Neonatal Mortality စသည့် မိခင်နှင့်ကလေး ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်း indicator များ ယခုထက် ပိုမိုကောင်းမွန် တိုးတက်စေရန်အတွက် လုပ်ငန်းများ ပိုမိုစနစ်ကျစွာဖြင့် လက်တွဲဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းစဉ်းစားပေးကြရန် တိုက်တွန်းလိုပါကြောင်း၊
- မည်သည့် လုပ်ငန်းတွင်မဆို သုတေသနလုပ်ငန်းများပါဝင်မှသာ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊
- အသင်းကြီးအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ အားနည်းချက်များနှင့် အားသာချက်များကို စနစ်တကျသုံးသပ်၍ ပိုမိုအကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အသုံးချသုတေသနများ ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) ကို သုတေသနဆိုင်ရာ စွမ်းဆောင်ရည်မြှင့်ဌာနကြီးအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊
- အဆိုပါ ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) မှာ သုတေသနဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းများကို ပုံမှန်ပြုလုပ်လျက်ရှိပါကြောင်း၊
- အဆိုပါ သင်တန်းတစ်ခုစီမှာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အသင်းဝင် (၁)ဦး (သို့) (၂)ဦးစီ ပါဝင်တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊
- အသင်းကြီးအနေဖြင့်လည်း သုတေသနလုပ်ငန်းတွေကို နှစ်စဉ်ပုံမှန် သတ်မှတ်ဆောင်ရွက်သွားစေလိုပါကြောင်း၊
- ထိုသို့ဆောင်ရွက်ရာမှာလည်း ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများက ပံ့ပိုးပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊

- အထူးပြောကြားလိုသည်မှာ မည်သည့် research topic ကို ရွေးချယ်မည်ကို သေချာစွာ ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊
- Research များဆောင်ရွက်ရာတွင် fully justified ဖြစ်စေရေးဆောင်ရွက်ရမှာဖြစ်ပြီး Institutional Review Board (သို့) Ethical Review Committee ထံတင်ပြ စိစစ်မှုခံယူရမည်ဖြစ်ပါကြောင်း၊
- ယခင်က ဆောင်ရွက်ခဲ့သည့် သုတေသနများ၏ သုတေသနတွေ့ရှိချက်များကို လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုအသုံးချဆောင်ရွက်ရေး (utilization) ကိုလည်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊
- အသင်းကြီးမှ လွန်ခဲ့သည့် (၃)နှစ်အတွင်း ဆောင်ရွက်ခဲ့သော သုတေသနများမှ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုနိုင်မည့် သုတေသနတွေ့ရှိချက်များကိုလည်း အကြံပြုပေးပို့စေလိုပါကြောင်း၊
- အသင်းကြီးအနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊
- နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် institution များနှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးပြီး ပိုမိုပူးပေါင်း ဆောင်ရွက်သွားစေလိုပါကြောင်း၊
- သို့မှသာ အသင်းကြီး၏ ပုံရိပ်ပိုမိုကောင်းမွန် မြင့်မားလာမည် ဖြစ်ပါကြောင်း၊
- မြန်မာနိုင်ငံတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု ၄င်္ဂါးရောဂါဆိုင်ရာ သုတေသနနှင့် လေ့ကျင့်ရေးပူးပေါင်း ဆောင်ရွက်မှုဌာနနှင့် သူနာပြုနှင့် သားဖွားဆိုင်ရာ သုတေသနနှင့် လေ့ကျင့်ရေးပူးပေါင်းဆောင်ရွက်မှုဌာန (WHO collaborating center for research and training on Malaria and WHO collaborating center for research and training on Nursing and Midwifery Development) ဆိုပြီး WHO collaborating center (၂)ခုရှိပါကြောင်း၊

- မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့်လည်း လုပ်ငန်းတွေကို ထိရောက် အကျိုးရှိသည်ထက်ရှိအောင် ဆောင်ရွက်ပြီး နောင်အခါ WHO collaborating center အဖြစ် ပေါ်ပေါက်လာစေလိုပါကြောင်း၊
- ထိုသို့ ပေါ်ပေါက်လာခြင်းဖြင့် အသင်းကြီးရဲ့ပုံရိပ်သည်လည်း လွန်စွာကောင်းမွန် ဂုဏ်ယူဖွယ်ရာဖြစ်လာမည် ဖြစ်ပါကြောင်း၊
- အသင်းဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများကိုလည်း မူဘောင်နှင့် လမ်းပြမြေပုံချမှတ်ကာ စနစ်တကျဆောင်ရွက်သွားစေလိုပါကြောင်း၊
- ဝန်ကြီးဌာနမှ ပြုလုပ်သည့် Capacity building များမှာလည်း ပိုမိုပါဝင်တက်ရောက်ကြစေလိုပါကြောင်း၊
- ဝန်ကြီးဌာနမှ ဝန်ထမ်းများထံသို့ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများ၊ အသုံးချဆော့ဝဲလ်များ စသည်တို့ပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုအထောက်အကူပြု Mobile Tablet တွေဖြန့်ဝေပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကလည်း အသင်းဝင်များထံ Mobile Tablet များဖြန့်ဝေပေးနိုင်ပါက ကောင်းမွန်ပါကြောင်း၊
- လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေကို ဝန်ကြီးဌာနမှ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနမှ ကျန်းမာရေးစီမံချက်များနှင့်လည်း ယခုထက်ပိုမိုချိတ်ဆက်၍ ပူးပေါင်းစေလိုပါတယ်။ လုပ်ငန်းဆောင်ရွက်မှု ဆက်စပ်နေသည့် ကျန်းမာရေးစီမံချက်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းတွေကို ပြုလုပ်ပြီး ဆောင်ရွက်စေလိုပါကြောင်း၊
- အသင်းမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးစီမံချက်များမှ စီမံချက်မန်နေဂျာများပါဝင်တဲ့ မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ပြုလုပ်စေလိုပြီး လုပ်ငန်းမူဘောင်နှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ လက်တွဲချမှတ်စေလိုပါကြောင်း၊

- လက်တွေ့မြေပြင်မှာ လုပ်ငန်းဆောင်ရွက်ရာမှာလည်း အခြေခံကျန်းမာရေး ပညာရှင်များဖြစ်သည့် သားဖွားဆရာမများ၊ အမျိုးသမီးကျန်းမာရေးဆရာမ များကို ဦးဆောင်စေပြီး အသင်းဝင်များအား လိုအပ်သည့်ပံ့ပိုးမှုများပေးကာ ပိုမိုပူးပေါင်းလက်တွဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- အသင်းကြီးအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း၊ မဟာဗျူဟာ လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ရာတွင်လည်းကောင်း ပြောင်းလဲ လာသော အခြေအနေများနှင့်ကိုက်ညီကာ လက်တွေ့မြေပြင်တွင် အကောင် အထည်ဖော် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း၊
- တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများက လည်း အသင်းကြီး၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ပံ့ပိုးပူးပေါင်းမှုအပိုင်း ကဏ္ဍမှ ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊
- ယခုအစည်းအဝေးတွင် ယခင်နှစ်က အသင်းကြီး၏ လုပ်ငန်းဆောင်ရွက်ချက် များအား ပြတ်ပြတ်သားသား၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားကာ အားနည်းချက်နှင့် အားသာချက်များ ဖော်ထုတ်၍ ရှေ့လုပ်ငန်းစဉ်များကို သမားရိုးကျမှ ဖောက်ထွက်သော အတွေးအမြင်များဖြင့် ဝိုင်းဝန်းဆွေးနွေး ချမှတ်ဆောင်ရွက်ကြစေလိုပါကြောင်း၊
- ပြည်သူ့ကျန်းမာရေး သဘောတရားများအရ လုပ်ငန်းစီမံချက်များ စီမံချမှတ် ရာတွင် ပြောင်းလဲလာသော အခြေအနေများ (changing epidemiological situation) များနှင့် ကိုက်ညီလိုက်လျောညီထွေစွာ ဆောင်ရွက်ရမည်ဖြစ် ပါကြောင်း၊
- Situation analysis and review လုပ်သည့်အခါ agent, host, environment နှင့် time, place, person တို့ကို အခြေခံပြီးစဉ်းစားဆောင်ရွက်ကြရမည်ဖြစ် ပါကြောင်း၊

- ဒါမှသာ အကြောင်းရင်းခံအချက် (root cause) ကို အဖြေရှာဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊
- ထိုသဘောတရားများကိုလည်း အသင်းကြီး၏ different categories မှ ဝန်ထမ်းများ သိရှိနိုင်ရေး သင်ကြားပေးထားရမည်ဖြစ်ပါတယ်။
- ထိုသို့ သင်ကြားတဲ့အခါမှာလည်း သက်ဆိုင်ရာ စာရွက်စာတမ်းတွေ (working document) ကို ပေးအပ်ထားရမည် ဖြစ်ပါတယ်။
- ဝန်ကြီးဌာနမှ epidemiologist များကလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါတယ်။
- အသင်းကြီး၏ စီမံခန့်ခွဲမှု၊ ထောက်ပံ့ပေးပို့မှုနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု (administrative, management, logistics and technical) ဆိုင်ရာ သတင်းပေးပို့ ဖလှယ်မှု (information system/ information flow) စနစ်ကိုလည်း ပိုမိုလွယ်ကူလျင်မြန်ကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- ရန်ပုံငွေများကို ခွဲဝေချထားခြင်း၊ အသုံးချခြင်းဆိုင်ရာ အပြန်အလှန်ထိန်းကြောင်း လည်ပတ်မှုစနစ် (check and balance mechanism) ကိုလည်း စနစ်ကျစွာ ဆောင်ရွက်ကြပြီး သုံးသင့်၊ မသုံးသင့်၊ အကျိုးရှိ၊ မရှိ ဆန်းစစ်ဆုံးဖြတ်ကြရမည် ဖြစ်ပါကြောင်း၊
- သို့မှသာ အသင်းကြီးသည် ပိုမိုအကျိုးရှိထိရောက်သော (efficient and impact/ output oriented) အသင်းကြီးအဖြစ် ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်း၊
- နိဂုံးချုပ်အနေဖြင့် အသင်းကြီးမှ ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စသည့် အဆင့်ဆင့်မှာ ဆောင်ရွက်နေသော လုပ်ငန်းများကို မည်ကဲ့သို့ ဆောင်ရွက်သင့်သည်၊ မည်သည့်လုပ်ငန်းများကို ဆောင်ရွက်သင့်သည်တို့ကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း၊

- လုပ်ငန်းစဉ်များကို ချမှတ်ပြီးနောက် မည်သူက မည်သည့်လုပ်ငန်း ဆောင်ရွက်ရမည်ဆိုသည်ကို လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ် ဆောင်ရွက်ကြရန် အကြံပြုချက်များ ထွက်ပေါ်လာစေရန် ယခုအစည်းအဝေးမှာ ဝိုင်းဝန်းဆွေးနွေးကြရမှာ ဖြစ်ပါကြောင်း၊
- အသင်းကြီးအနေဖြင့် လူအများသိသာသည့် ပေါ်ပင်လုပ်ငန်းများထက် အရေအတွက် နည်းပါးစေကာမူ အထူးအကျိုးရှိထိရောက်မည့် လုပ်ငန်းများကိုသာ ချမှတ် ဆောင်ရွက်စေလိုပါကြောင်း၊
- ယခုအစည်းအဝေးမှ ထွက်ပေါ်လာတဲ့ အကြံပြုချက်များကို အလေးထားစဉ်းစား၍ လက်တွေ့မြေပြင်၌ မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ သဘောထားကာ ဆောင်ရွက်ကြရမည်ပဲ ဖြစ်ပါကြောင်း၊
- အသင်းကြီးအနေဖြင့် မြန်မာနိုင်ငံ မိခင်သဆုံးမှုနှုန်းနှင့် ကလေးသေဆုံးမှုနှုန်းများ ယခုထက် ပိုမိုလျော့ချနိုင်ရေး ဆောင်ရွက်ရာတွင် အဓိကအင်အားကြီးအဖြစ် ဆက်လက် ပါဝင်ဆောင်ရွက်နိုင်စေရေး ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားခဲ့ပါသည်။